စိုင်ခေါင်းကျေးရွာ

တိုက်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ တောင်ပို့လှကျေးရွာအုပ်စု၊စိုင်ခေါင်းကျေးရွာတိုက်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ်လ ရက်

မာတိကာ

မာတိကာ ၁

စကားချီး

စိုင်ခေါင်းကျေးရွာသယံဇာတပြဇြေပုံ၊ ၅

တိုက်ကြီးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်ငှဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

ကိုးကားစာရင်း ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀၂၀ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
စိုင်ခေါင်းကျေးရွာ
တိုက်ကြီးမြို့နယ်

စိုင်ခေါင်းကျေးရွာသယ်ဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ပြုစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေး ဆွဲခြင်း များကို မြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ ကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ သည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ်ဥက္ကံမြို့မြောက်ဘက်ခြမ်းတွင်တည်ရှိ ပြီးအုပ်ချုပ်ရေးမှူးရုံးစိုက်ရဦဒေသနှင့်သွားလာရလွယ်ကူပါသည်။ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးကျပန်းလုပ်ကိုင်စားသောက်သူများလည်းရှိသည်။ဒေသတစ်နှစ်ပျမ်း မျှ မိုးရေချိန်လက်မမှာ (၈၀) မ (၁၀၀) ဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း များအတွက် အသင့်အတင့်အထောက်အကူပြုပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန် ပါသည်။ကျေးရွာတွင်းသဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအများစုမှာမိုးရေကိုအားကိုး၍စိုက် ပျိုးကြပြီး လယ်မြေဧက (၂၅၀)ခန့် အားအဓိကထားစိုက်ပျိုးသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်းအိမ်ထောင်စုပေါင်း(၆၀)စုနှင့် ကျား(၁၂၂)ဦး၊မ(၁၁၅)ဦးဖြစ် လူဦးရေပေါင်း (၂၃၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၃.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းသည်။ ကျေးရွာတွင်းကရင်လူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေပေါင်း၏ ၇၁.၇%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် နည်းကြောင်းသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ ၁၈%သည်ဆင်းရဲအိမ်ထောင်စုများအဖြစ် ခံယူကြပြီး ၃၀ %သည်ချမ်းသာသည့် အဆင့်နှင့် ၅၂ %သည် အလယ်အလတ်အဆင့်ရှိသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင်း လယ်ယာမြေပိုင်ဆိုင်မှု လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့်ဆည်ရေတင်စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာ၏ စီးပွားရေးအနအထားမှာအသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။လယ်သမားအိမ်ထောင်စုများအပြင်အချို့လက်သမား၊ပန်းရံစသောလုပ်ငန်းများတွင်ပါဝင်ဆောင် ရွက်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်းမြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းဆောက်လုပ်ရေးလုပ်ငန်း၊ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲအိမ်ထောင်စုများ၏၃၀%ဖြစ်သော(၃)စုကိုလေ့လာဆန်းစစ်ချက် အရယင်းတို့၏ ၁၀၀%မှာသူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။ အကြွေးတင် ရှိမှုတွင် တွေ့ခဲ့ရသော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ၂၀၀၀၀ကျပ်မှ တစ်သိန်းကျပ်ထိတင်ရှိ ကြသည်။

အိမ်ထောင်စုအားလုံး၏၈.၃%ခန့်သည်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြ ပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာလူဦးရေများပြားကြသည်။ မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စုနှင့်မသန်စွမ်းသူ မိသားစုစောင့်ရှောက်မှုနည်းသည့် သက်ကြီးရွယ်အိုတို့မရှိသလောက်နည်းပါသည်။ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့်ကူစက်တက်သည့်ရောဂါများ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ကင်းဝေးသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်း ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင်ပိုမိုဖြစ်ပွားကြောင်း တွေ့ရသည်။ ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ၃ မိုင်ခန့်သာဝေးကွာသော

ဥက္ကံတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသနိုင်ပြီး ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီမှုရှိပါ သည်။

ကျေးရွာတွင်း လက်နှိမ့်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူရရှိနိုင်ပြီး ဝမ်းပျက် ဝမ်းလျောတိုက်ဖွိုက် အစာအိမ်ရောင်စသော ရောဂါများဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရသည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အတင့်ရှိကြောင်းတွေ့ရသည်။ ရွာသားအ များစုသည် အခြေခံအရေး၊ အဖတ်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက်နည်းပါးသည်။ ကျေးရွာတွင်းအခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင် တတ်ရောက်သင်ကြားနိုင်ပြီး ကျွဲဘုတ်အလကကျောင်းတွင်လည်းအလယ်တန်းပညာရေးဥက္ကံအထက်တွင် အထက်တန်းပညာရေး ဆက်လက်သင်ယူနိုင်ပါသည်။သို့သော်အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင်းကျားမရေးရာကိစ္စဆိုင်ရာ အနေအထားများလွပ်လတ်မှုရှိသည်။ကျား၊မရေးရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာအဖွဲ့အစည်းများ၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထား ကြသည်။ကျေးရွာတွင်းကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုများနှင့်ခွဲခြားဆက် ဆံခြင်းများမတွေ့ရပါ။

ကျေးရွာတွင်းအမျိုးသားအမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ် များတွင် အခွင့်အရေးတန်းတူရသည်ဟု ယေဘုယျအားဖြင့်ပြောနိုင်သည်။ပညာရေးနှင့်ဆိုင်သော ကန်းကဏန်းများတွင်မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည်ယောကျ်ားလေးအရေအ တွက်ထက်နည်းနေသော်လည်းအလယ်တန်းတွင်မအရေအတွက်နှင့်ကျား အရေအတွက်မှာအတူတူ ပင်ဖြစ်သည်။သို့သော်ကျေးရွာတွင်းနေ့တွက်လုပ်အားခ ငွေများမှာ အမျိုးသား များကပိုမိုရကြသည်။ ဥပမာအားဖြင့်လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနည်းမှာ လျော့နည်းလျက်ရှိပါသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သတ်၍အသိ ပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်စေပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်းစီးပွားရေးအဖွဲ့အစည်း(၃)ဖွဲ့ရှိပါ သည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့် တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သတ်၍ အားနည်းကြပြီး အဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်းစပါးနှင့်မတ်ပဲကိုအဓိကထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၂၅၀)ရှိပြီးသီးထပ်အ ဖြစ်မတ်ပဲစိုက်ပျိုးကြသည်။မိုးစပါးပျှမ်းပျှအထွက်နှုန်းမှာ (၆၅)တင်းနှုန်းတို့ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ပြီးစိုက်ပျိုးရေးကုမ္ပဏီများမှလည်းတောင်သူများ အတွက် ဝန်ဆောင်မှု များပေးပါသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက်

အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ကြရပြီးလုပ်အားခပိုမိုပေးမှအလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားသည်။ အချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တတ်မှုတို့ကိုကျော်လွှားနိုင်ရန် စပါးစိုက်ပျိုးရာတွင်ကြဲပက်စနစ်ကို အသုံးပြုကြ သည်။ တောင်သူများသည် တစ်ခါတစ်ရံတွင်မိုးရွာသွန်းမှုမညီမျှမှုတို့ကို ရင်ဆိုင်ကြရသည်။ စပါးနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျ ရောက်မှုကိုပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်း ရေးစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင်းဝက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၂%ဝန်းကျင်သာ ရှိပြီးဒေသဝက်မျိုးများကိုသာ မွေးမြူကြသည်။ဒေသကြက်မွေးမြူသည့် အိမ်ထောင်စုသည်လည်း တစ်ရွာလုံး၏ ၂၀%ခန့်ရှိပါသည်။ရာသီအလိုက်ဖြစ်ပွားတက်သောတိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါများ အဖြစ်များပြီး ထိုရောဂါကြောင့်သေကြေပျက်စီးမှုများလည်း ရှိပါသည်။ မွေးမြူရေးပိုင်းဆိုင်ရာအဟန့်အတားအနေဖြင့် ဆင်းရဲသော်အိမ်ထောင်စုများက မွေးမြူရေးတိုးချဲ့ဆောင်ရွက်ရန် ချေးငွေအလွယ်တကူမရရှိနိုင်ပေ။ ရွာထဲမှငွေတိုးချေးငှားသူများထံမှာချေးငှား၍ လုပ်ကိုင်ပါကအတိုးနှုန်းမှာ မြင့်မားသည်။ကျေးရွာတွင်းမွေးမြူရေးမြေနေရာ အဆင်မပြေသော ကြောင့် ငါးမွေးမြူရေးလုပ်ကိုင်သူ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစား အလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ်အကိုင် နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ သက်မွေးဝမ်း ကျောင်းသင်တန်းများ ရှိကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိ အတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ ကြပြီးသင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသောသင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြ သည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်းမတ်ပဲစိုက်ခင်းများတွင်ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ခါတုမြေဩဇာသုံးစွဲမှု များပြားသဖြင့်မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစား ခါတုပိုသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ်စီမံခန့်ခွဲမှုတွင်လည်း ပလစ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကျသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာသည်နှစ်စဉ်နှစ်တိုင်း ရေကြီးရေလွှမ်းမိုးခြင်းကို အနည်းနှင့်အများခံစားနေရပါသည်။မြေနိမ့်

ပိုင်းဖြစ်သောကြောင့် မုန်တိုင်းအန္တရာယ်ကိုတစ်ခါတစ်ရံတွင်ကြုံတွေ့နေရပါသည်။အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းကသဘာဝအန္တရာယ်တစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါသည်။

(ဇ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသော ချေးငွေကို တစ်နှစ်လျှင်အတိုးနှုန်းဖြ၅ပြားကျပ်တိုး၊တစ်ဧကလျှင်တစ်သိန်းကျပ်နှုန်းဖြစ် အများဆုံး(၁၀)ဧက အတွက်ချေးယူနိုင်ပါသည်။ ကျေးရွာတွင်းသမဝါယမဦးစီးဌာနမှမြန်မာ့ငွေရေးကြေးရေးအဖွဲ့ဖွဲ့ထား ပြီးအတိုးနှုန်း၃၀%ဖြင့်အသင်းဝင်များငွေချေးယူနိုင်ကြသည်။ ချေးငွေကို(၁၀)လအထိချေးသူနိုင်ပြီး စည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။ တစ်ချို့အိမ်ထောင်စုများမှာရွာထဲရှိငွေတိုးချေးသူမိတ်ဆွေ မိသားစုများထံ မှတစ်နှစ်အတိုးနှုန်း၁၅%ခန့်ဖြစ်လည်းကောင်းချေးယူနိုင်ပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက် အထူးသဖြင့်စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင်းချေးငွေလိုအပ်ချက်များ ပြားကြောင်းတွေ့ရပါသည်။ကျေးရွာတွင်းအကြွေးတင်ရှိမှု အနေအထားကိုလေ့လာချက်အရ ပါဝင် သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ကျပ်မှ ဆယ်သိန်းကျပ်အထိချေးယူထားကြောင်းတွေ့ရသည်။ ထိုအိမ်ထောင်စုများ၏ ၇၅%သည် ကြွေးငါးသိန်းအောက်ချေးယူထားပြီး၄%သည် ငါးသိန်းအထက်ချေးယူထားကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်းမူလတန်းကျောင်းကို ၇၀ပေ၊၃၀ပေ၊၁၅ပေအရွယ်ရှိ သွပ်မိုးအုတ်နံရံကာ အင် တေခင်းကျောင်းတွင်အခြေခံပညာရေးကိုသင်ကြားနိုင်ပြီးအလယ်တန်းကိုကျွဲဘုတ်နှင့်အထက်တန်းကိုဥက္ကံ(အထက)ကျောင်းတွင်ပညာသင်ကြားနိုင်ပါသည်။ ရွာသားအားလုံးမှာ ရေးတက်ဖတ် တက်ကြပြီးလူဦးရေအားလုံး၏၇%ဘုန်းကြီးကျောင်း ပညာရေးကိုတတ်မြောက်ထားကြသည်။ မူလတန်း အောင် ရာခိုင်နှုန်းမှာလည်း မြင့်မားသည်။

သောက်ရေအတွက်လက်နှိပ်တုံကင်နှင့်မော်တာသုံးတုံကင်များ တပ်ဆင်သုံးစွဲကြသော်လည်း သံခါတ်များပါဝင်ခြင်းကြောင့်ကျန်းမာရေးအတွက်မကောင်းပေ။ ချမ်းသာသောအိမ်ထောင်စုများ ကအိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်းပတ် ဖြင့်ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့်ရေ ကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါများဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများအား စနစ်တကျဆောက်လုပ်ထားပြီ: ကျောင်းသားကျောင်းသူများအသုံး ပြုရန် လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသိုးသန့်မရှိပေ။ လူငယ်များ သည်ကျေးရွာရှိလူမှု ရေးလုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော် များတွင်လည်း ရိုးရာအကများဖြစ်ပါဝင်တင်ဆက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများသိုးသန့် ဖော်ဆောင်နိုင်ခြင်းမရှိပေ။

(၈) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရေလမ်းခရီးကို အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၂၅) စီး နှင့်စက်ဘီး(၁၅)စီးတို့ကိုအသုံးပြုလျှက် ရှိပါ သည်။

ကျေးရွာတွင်းလျှပ်စစ်မီးကို ၂၀၁၄ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စု အားလုံး၇၇% သွယ်တန်းအသုံးပြုနေပြီဖြစ်သည်။ ကျေးရွာတွင်းမိုဘိုင်းဖုန်းဆက်သွယ်ရေး ကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုများအတွက် လက်လှမ်းမှီစွာအသုံးပြုနိုင်ကြသည်။ ကျေးရွာ တွင်းအင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားအသတင်းအချက် အလက်များအတွက်အသုံးပြုနိုင်သည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်းရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းလျှက်ရှိပါသည်။ရွာသားများ သည်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ပြီးလိုအပ်သောသတင်းနှင့်အရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သောလည်းချိတ်ဆက် ဆောင်ရွက်သူမရှိသလောက်ပင်ဖြစ်ပါသည်။ ကျေးရွာတွင်းသဘာဝဘေးအန္တရာယ် လျော့ပေါ့ရေး အစီစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်သွားလာ နိုင်ပြီး ကျေးရွာတွင်းရာဇဝတ်ဖြစ်ပွားမှုနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်းလျှပ်စစ်မီးမရရှိ၍ လူနေမှုအဆင့်အတန်းနိမ့်ကျလျှက်ရှိပါသည်။လူငယ်ပညာ တတ်များရှိပြီးလူဦးရေအားလုံး၏ ၆၇%သည်အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ဘွဲ့ရအ ရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကြောင်း သင်တန်းများကိုလူငယ်များ အားလေ့ကျင့်သင်ကြားပေးခြင်းဖြစ် လူသားအရင်းအမြစ်ကောင်းများကို တိုးတတ်ကောင်းမွန်လာ စေပါသည်။ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးဝန်ဆောင်မှု များနှင့်အနည်းငယ်အလှမ်းဝေးလျှက်ရှိပါသည်။ကျေးရွာသားများအနေဖြစ်စိုးရိမ်ရသောဆေးဝါးကု သမှုများအတွက် ဥက္ကံတိုက်နယ်ဆေးရုံ သို့လည်းကောင်း၊တိုက်ကြီးပြည်သူ့ဆေးရုံသို့လည်း ကောင်း သွားရောက်ပြီးဆေးကုသမှုခံယူကြရပါသည်။ကျေးရွာတွင်း စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်း များမှာလက်ရှိပညာရေးအနေအထားတွက် သင့်တင့်သောအဆင့်တွင်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင် ပါသည်။မိုးရွာသွန်းမှုများမှာ စပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ ရန်ကုန်၊တိုက်ကြီး၊မော်ဘီအစရှိသည့်မြို့ များသို့စက်လှေ၊မော်တော်ဆိုင်ကယ်များမှတစ်ဆင့် ကားနှင့်ကူသန်းသွားလာနိုင်ပါသည်။လမ်းပန်း ဆက်သွယ်ရေးမကောင်းသဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီမတင်ပို့နိုင်ပါ။

ကျေးရွာတွင်းနွား၊ကျွဲ၊ကြက်၊ဝက်တို့ကို အနည်းငယ်မွေးမြူကြသည်။ ကျေးရွာတွင်းမူခင်း နှင့်ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေပါသည်။ကျေးရွာတွင်းမိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်

ငန်းများအတွက် လက်လှမ်းမှီစွာအသုံးပြုနိုင်သည်။ကျေးရွာတွင်းအင်တာနက်အသုံးပြုနိုင်မှုမှာ အတော်အသင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင် သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသဘာဝ သယံဇာတများမထွက်ရှိပါ။ လယ်ယာမြေများမှာထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများအ ဖို့အထွက်နှုန်းတိုးမြှင့်အောင်အားစိုက်ရပေမည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ ရရှိနိုင် သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သတ်၍ထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်သော အစီအစဉ်မရှိ သေးပါ။ တောင်သူများအနေဖြင့်ဘက်စုံနှိမ်နင်းရေးအတွက် အထာက်အပံ့ကောင်းများ လိုအပ်လျက် ရှိပါသည်။ ကျေးရွာတွင်းငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားပါသည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်သည်လည်းမရှိဘဲ ချေးငွေလိုအပ်သောအိမ်ထောင်စု များမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်မှားမှ ငွေချေးရန်စာရွက်စာတမ်းများ ဖြည့်စွက်ရာတွင် အခက်အခဲများကြုံတွေ့ရတက်ပါသည်။ ကျေးရွာတွင်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်းအိမ်တွင်း မှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တက်သိပညာ၊အထိအတွေ့တို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကဏ္ဍ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	
အခြေခံအဆောက်အဦး	ကျေးရွာကွန်ကရစ်လမ်းရရှိရေး	၁၀၀	၁	ကျေးရွ ငှဲ့ခ်ချိ
အခြေခံအဆောက်အဦး	ကျေးရွာတွင်းတံတားရရှိရေး	၉၇	၂	ကျေးရွ နှင့်ခ်
အခြေခံအဆောက်အဦး	ကျေးလက်ဆေးပေးခန်းရရှိရေး	၈၅	၃	ကျေးရွ ကျန်းမ ၊ကျေး
အခြေခံအဆောက်အဦး	စာကြည့်တိုက်ရရှိရေး	၈၀	၄	ကျေးရွ ချုပ်ရေ ကျေး
ရေရရှိရေး	ကျေးရွာရေသန့်စက်ရရှိရေး	၇၂	၅	ကျေးရွ ကျေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျေးရွာလူထုသည် ပိုမိုကောင်းမွန်သော ကျေးရွာတွင်းတံတားများ၊လမ်းများခင်းစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတတ်ကာ လူနေမှုအဆင့်အတန်းမြင့်မားလာစေရမည်။

က.၂)ကျေးရွာတွင်းကျေးရွာရေသန့်စက်တည်ဆောက်ခြင်း၊ကျန်းမာရေးဆေးပေးခန်းများတည်ဆောက်ပေးခြင်းဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာသူ/ကျေးရွာသားများခံစားလာ ရမည်။

က.၃) ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်းဖြင့် ပညာဗဟုသုတတိုးပွားလာမယ်ဖြစ်သည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကိုဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကား လာရေးအတွက်စိုက်ပျိုးရေး၊ မွေးမြူရေးနည်း ပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထား သူများက တဖန်ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်းကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျေးရွာတွင် အပ်ချုပ်၊ဇောထိုး၊ပန်းထိုး၊မုန့်လုပ်နည်း၊ဆံပင်အလှပြင်၊ စက်မှုပညာရပ်များနှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများကို တက်ရောက်သင်ကြားချင်သူများကို တက်ရောက်နိုင်ရေးအတွက်စီစဉ်ဆောက်ရွက်ပေးမည်။ထိုသို့တက်ရောက်လိုသောသင်တန်းသားများကို ငွေကြေးအရင်း အနှီးအကုန်အကျခံကာ ကျွမ်းကျင်ပညာရှင်များနှင့် စီစဉ်ချိတ်ဆက် ဆောင်ရွက်ပေးမည်။

ခ.၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ရွာချင်းဆက်လမ်းများကို တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိလာအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်၊ အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်၊ ဖွံ့ဖြိုးရေး အစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက် မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျ ရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရ သော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့်၊ ပုဂ္ဂလိကအရောင်း ဆိုင်များကို မှီခို အားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်း ရှိကြကာတောင်သူ များအတွက် သီးနှံပျက်စီးမှုနှင့်၊ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာ အသုံးပြု ပုံများအပါ အဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေး အတွက်စိုက်ပျိုးရေးဦးစီး ဌာနကဦးစီးဦးရွက် ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများ အတွက်အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား နေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်း ရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်း စေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည်မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ ကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါကအနည်းနှင့် အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ပဲနောက်ထပ် တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်းနှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) –ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi -cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်

ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

	စီမံချက်
ကျေးရွာကွန်ကရစ်လမ်းရရှိရေး	
ကျေးရွာတွင်းတံတားရရှိရေး	
ကျေးလက်ဆေးပေးခန်းရရှိရေး	
စာကြည့်တိုက်ရရှိရေး	
ကျေးရွာရေသန့်စက်ရရှိရေး	

(၁) ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦးများတိုးတက်လာစေရန်ဖြစ်ပါသည်။

(၂) ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ တစ်ကိုယ်ရည်ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ များဖြင့် ပညာပေးရန်နှင့်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ပေးရန်

(၃) စာကြည့်တိုက်တည်ဆောက်ခြင်းဖြင့်ပညာရေးဗဟုသုတိုးပွားလာစေရန်

(၄) ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦးများတိုးတက်လာစေရန်

(၅) ရေသန့်စက်တည်ဆောက်ခြင်းဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးဖွင့်လှစ်ပေးသည့် အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

စိုင်ခေါင်းကျေးရွာ စီမံကိန်းရေးဆွဲသူ သင်တန်းသား များမှ သင်တန်းဆရာ၊ ဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်၀်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးရွာတွင်းလမ်းများတိုးတက်ကောင်းမွန်လာစေရန်		A	A	A	A	A
	ကျေးရွာတံတားများတိုးတက်စေရေး		A	A	A	A	A

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်ပေး	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
	၃ကျေးရွာဆေးပေးခန်းရှိရေး:						
	၄ကျေးရွာစာကြည့်တိုက်ရှိရေး		A	A	A	A	A A
	၅ ကျေးရွာသန့်ရှင်းသောသောက်သုံးရေရရှိရေး:		A	A	A	A	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး					
၂	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး					
၃	ကျန်းမာရေး:ဆေးပေးခန်းတည်ဆောက်ရန်					
၄	အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး					
၅	သောက်သုံးရေသန့်ရှင်းရေး					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန် ကိုအဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီ များရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာ ဦးစီး ဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုး တွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲ ကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ဝ်
ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ဝ် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်ဝ် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့်ဝ် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝ်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ဝ် ပစ္စည်းများ၏ပမာဏကို ကန့်ဝ်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့်ဝ် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဝ် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်ဝ့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါ မည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်ဝ်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring) အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေး ဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေး ပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံး သပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ များ ကိုအောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၃	၃	၆	၂.၅%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၇	၅	၁၂	၅%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၄	၄	၈	၃.၄%
၉ နှစ်အထက်မှ ၁၅ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂	၉	၂၁	၉%
၁၅ နှစ်အထက်မှ ၆၀နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၀	၈၀	၁၇၀	၇၁.၇%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၁၄	၂၀	၈.၄%
စုစုပေါင်း လူဦးရေ-၂၃၇ဦး		**၁၂၂**	**၁၁၅**	**၂၃၇**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု -၆၀စု		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း အိမ်ထောင်စု(၆၀)စုနှင့် စုစုပေါင်းလူဦးရေ(၂၃၇)ဦးရှိပြီး ကျား(၁၂၂)ဦး၊မ(၁၁၅)ရှိကာ နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်လျှင်(၅)ဦးထက် လျော့နည်းပါးသည်။ တစ်နှစ်အောက်ကလေးငယ်(၆)ဦး၊၅နှစ်အောက်ကလေးငယ်(၁၂)ဦး၊နှင့်မူလ တန်းကျောင်းသားနှင့်အလယ်တန်းကျောင်းသားအရွယ်မှာ (၂၁)ရှိပြီး အလုပ်လုပ်နိုင်သောအရွယ် မှာ(၁၇၀)ဦးရှိသဖြင့် ကျေးရွာတွင်လူးသားအရင်းအမြစ်ကောင်း တစ်ရပ်ရှိကြောင်းလေ့လာတွေ့ရှိရ ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%		မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**						
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၈၀%	၂၅	၅၆		ကိုယ်ပိုင်လုပ်ငန်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						ကျန်းလုပ်ငန်းလုပ်ကိုင်ကြခြင်း
၂	**တိရိစ္ဆာန်မွေးမြူရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၀	၆၀%		၂၀		
၃	**ငါးဖမ်းလုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့်၀န် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၅	**ထုတ်ကုန်လုပ်ငန်း**						

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်			မိသားစုဝင် လုပ်အား	တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
			%					
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၆	**လျှပ်စစ်၊ ဓါတ်ငွေ့နှင့်ဝှေ့ ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၆%			၂		
၈	**ယာဉ်၊ စက်ကိရိယာ ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၉	**ကျွမ်းကျင်ပညာရှင်များ(ဆံပင် ၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၃.၇%			၂		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၈%			၄		
၁၀	**လက်လီလက်ကားရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃	၃.၇%			၃		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၆%			၂		
၁၁	**ဟိုတယ်နှင့်ဝှေ့စားသောက်ဆိုင်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၄	၈.၇%			၄		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၁၃	**ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား							
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝှေ့ ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃				၃		

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		မိသားစုဝင် လုပ်အား	တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%				
၁၆	**ပညာရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆			၆		
၁၇	**ကျန်းမာရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၈	**လူမှုရေး လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃	၉%		၁၀		
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
	စုစုပေါင်း	**၆၀**	**၁၀၀%**		**၁၀၀**		

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းအားအဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ အသက်မွေး ဝမ်းကြောင်းလုပ်ငန်းလုပ်ကိုင်သူများ၊ကျပန်းလုပ်ကိုင်သူများ

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၃၅၀၀	၇၀၀၀	၃၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၇၀ ၀၀	
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း အမျိုးသမီးနှင့်အမျိုးသားလုပ်အားခနှုန်းထားများမှာ ကျွမ်းကျင်မှုနှင့်ကာယစိုက်ထုတ်မှုပေါ်မူတည်၍ လုပ်ခလစာများကွာဟမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ရာသီအလိုက်လုပ်ခနှုန်းထားများလည်းကွာဟမှုရှိသည်ကိုတွေ့ရသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၅၀	သင့်၀်	ရ	၁၈၀
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
အခြား				
စုစုပေါင်း	**၅၃၅**	သင့်၀်		

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တို့ကျေးရွာတွင်း စိုက်ပျိုးမြေဧက ၂၅၀ရှိ၍ အားလုံးမှာမြေဆီလွှာအရည်အသွေးအသင့်၀်အတင့်၀်ရှိပါသည်။ လယ်မြေများမှာမိုးရေကိုသာအဓိကအားထား၍စိုက်ပျိုးနေကြရပါသည်။နွေရာသီတွင်ဆည်ရေရသဖြင့်နွေစပါးစိုက်ပျိုးကျသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	ခက်
အခြား ရင်းမြစ်များ	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်၀်	လွယ်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်၀်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ဓါတ်သတ္တုနှင့်၀်အခြား သဘာဝအရင်းအမြစ်များမထွက်ရှိပါ။သဘာဝတိရိစ္ဆာန်မျိုးစိတ်များအဖြစ်ဗျိုင်း၊ကျီးကန်းနှင့်၀်အခြားငှက်မျိုးစိတ် စသည်များကိုတွေ့ရပါသည်။နွားစာများကိုလယ်ကန်သင်းရိုးများမှ ရယူနိုင်ကြပါသည်။

(၁.၄) ဥစ္စာဓနအဆင၀့်၀်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်၀် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း:			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂/၉၈က	၆/၄၈က	၃/၁၈က	
အိမ်အခြေအနေ	တိုက်ခံအိမ်	သွပ်မိုး /ပျဉ်ထောင်	ဓနိမိုး/ထရံကာ	
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်	ခြွေလှေ့စက်	နွား၊ကျွဲ၊ထွန်တုံး	
ကုန်ထုတ်လုပ်မှုနှင့်၀် မဆိုင်သော ပိုင်ဆိုင်မှု	စက်ဘီး/ဆိုက်ကယ်/ဖုန်း	ဆိုင်ကယ်/ဖုန်း	မရှိ	
အဓိကစီးပွားရေး လုပ်ငန်း	လယ်	လယ်	ကျပန်း	
အခြားပိုင်ဆိုင်မှု				
အိမ်ထောင်စု -၆၀	၁၈(၃၀%)	၃၁(၅၂%)	၁၁(၁၈%)	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ဥစ္စာဓနအဆင့်၀်အခြေအနေ အဆင်ပြေသောအိမ်ထောင်စု (၆၀)စုရှိပါသည်။ အလယ်လတ်ရှိသောအိမ်ထောင်စု(၃၁)စုရှိပြီး ဆင်းရဲသော်အိမ်ထောင်စု(၁၈)စုနှင့်၀် အလွန်ဆင်းရဲသော အိမ်ထောင်စု(၆၀)စုရှိပြီး တစ်ရွာလုံး၏အိမ်ထောင်စုပေါင်း (၆၀)စုရှိပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့်၀် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃	၁၀၀%	လုပ်အားခကြိုတင်ထုတ်ယူခြင်း
၃ လနှင့် ၆ လအောက်			ကောက်စိုက်ပေး၊ကောက်ရိတ်ပေး၊ပဲနုတ်ပေး
၆လ မှ ၁၂ လ အထိ			လယ်သမားများ

ရင်းမြစ်..ဥစ္စာဓနအဆင့်၀် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင်း ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု(၃)စုမှာ ဝမ်းစာဖူလုံမှုနည်းပါးခြင်းကြောင့်၀် လုပ်အားခကြိုတင်ထုတ်ယူခြင်းများနှင့်၀်

တစ်ပတ်စာအတွက် ကောက်စိုက်ပေး၊ကောက်ရိတ်ပေးများထုတ်ယူကာ ကြိုတင်ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်၀် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀နှစ် နှင့်အထက်မရှိပါ။အခြားဒေသသို့အချိန်ကြာမြင့်စွာသွားရောက်လုပ်ကိုင်သည့်၀် အိမ်ထောင်စု များလည်းမရှိပါ။ဆင်းရဲ၍အမျိုးသမီးဦးဆောင်သည့်၀်အိမ်ထောင်စု(၅)စုရှိကြောင်းတွေ့ရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်၀်/လတ်/မြင့်၀်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	အလုပ်အကိုင်ရှားပါးခြင်းကြောင့်၀်
၂	သဘာ၀ရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	ဆည်ရေရှိပါသည်
၃	ရေကြီးခြင်း	နိမ့်၀်	မြေပြန့်၀်ဖြစ်ခြင်း
၄	မိုးခေါင်ခြင်း	လတ်	သစ်တောများပြုန်းတီးခြင်းကြောင့်၀်
၅	အအေးလွန်ကဲခြင်း	နိမ့်၀်	မရှိပါ။
၆	မုန်တိုင်း	နိမ့်၀်	မရှိပါ။
၇	ငလျင်	နိမ့်၀်	မရှိပါ။
၈	မီးဘေး	နိမ့်၀်	မရှိပါ။
၉	ဆားငန်ရေ၀င်မြေ	နိမ့်၀်	မရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်၀်	ခါတုပိုးသတ်ဆေးများသုံးစွဲခြင်းကြောင့်၀်
၁၁	သစ်တောပြုန်းတီးခြင်း	လတ်	ထင်းလောင်စာများအဖြစ်အသုံးပြုကြခြင်း
၁၂	၄က်ဖျားရောဂါ	နိမ့်၀်	မရှိပါ။
၁၃	တီဘီရောဂါ	လတ်	ကျန်းမာရေးဗဟုသုတအားနည်းခြင်း
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်၀်	မရှိပါ။
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်၀်	မရှိပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	လတ်	ကြက်တုပ်ကွေး၊ဝက်နားရွက်ပြာ၊ကျွဲနွားများခွာနာဘလျှာနာရောဂါများဖြစ်ပွားသည်
၁၇	လူကုန်ကူးခြင်း	နိမ့်၀်	မရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	လတ်	လမ်းပန်းဆက်သွယ်ရေးအားနည်း
၁၉	အခြား	နိမ့်၀်	မရှိပါ။

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ကျေးရွာတွင်ကျပန်းလုပ်သားများခြင်းကြောင့်ဝမ်းစာဖူလုံမှုအသင့်အတင့်သာရှိပါသည်။အလုပ်အကိုင်ရှားပါးခြင်းကြောင့်ဝင်ငွေနည်းပါး၍ကြုံသလို လုပ်ကိုင်စားသောက်ကြ ရပါသည်။သဘာဝဘေးအန္တရာယ်များလည်းတခါတရံတွင်ကျရောက်တက်သည်။ သစ်တောပြုန်းတီး၍ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် တောင်သူများဒုက္ခရောက်ကျသည်။ ဝေးလံခေါင်ပါး၍ဆက်သွယ်ရေးခတ်ခဲပြီးကျန်းမာရေးပညာရေးစသည်တို့တိုးတက်မှုနောက်နှေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါကကျေးရွာ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်းတွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	အရက် သေစာသောက်စားခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	အလုပ်အကိုင်ရှားပါးခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	အလုပ်အကိုင်ရှားပါးခြင်းနှင့်လုပ်အားခလျော့နည်းခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	မရှိပါ။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	မရှိပါ။
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	မရှိပါ။
၈	မြေမိုမ့်ပိုင်းနေထိုင်သူများ	လတ်	ရေကြီးမှုဒဏ်ခံရခြင်း
၉	ငါးကန်ပိုင်ရှင်		
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်အကိုင်ရှားပါးခြင်း
၁၁	လူနည်းစုလူမျိုးများ	နိမ့်	မရှိပါ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ။
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နိမ့်	မရှိပါ။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	မရှိပါ။
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	မရှိပါ။
၁၉	ရွှေပြောင်းလုပ်သားများ	နိမ့်	မရှိပါ။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝဝ်သူများ	ထိခိုက်မှု (နိမဝ့်/လတ်/မြင့်ဝ်)	မှတ်ချက်
၂၀	ကားသမား	နိမဝ့်	မရှိပါ။
၂၁	အခြား	နိမဝ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း အရက်သေစာသောက်စားသူ အနည်းငယ်ရှိပါသည်။အမျိုးသမီး ဦးဆောင်သည့်ဝ် အိမ်ထောင်စုများမှာလည်း အလုပ်အကိုင်ရှားပါးခြင်းကြောင့်ဝ် ဝမ်းစာဖူလုံမှုနိမဝ့်ကျ လျက်ရှိပါသည်။လက်လုပ်လက်စားအိမ်ထောင်စုများမှာလည်းတောတောင်ထဲတွင်လုပ်ကိုင်စားသောက်၍တော ရိုင်းတိရိစ္ဆာန်များအန္တရာယ်နှင့်ကြုံတွေ့နေရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လယ်သမားအဖွဲ့	၁	၅၀	၂၅	၇၅	စီးပွားရေး	၄	၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်ဝ်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ဝ် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့်ဝ် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။စီးပွားလုပ်ငန်းများနှင့်ဘာသာရေးလုပ်ငန်းများတွင် လူငယ်လူရွယ် အမျိုးသား/အမျိုးသမီးများမှာ တတ်ကြွစွာပါဝင်လုပ်ဆောင်ကြပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းကြပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ဝင် အစီအစဉ်
၁	သမဝါ ယမ	၅	စိုက်ပျိုးရေး၊မွေးမြူရေး
၂	အနာဂတ်အလင်းတန်း မြန်မာ	၅	စိုက်ပျိုးရေး၊မွေးမြူရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်ဖြင့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစီးများ မှာ သမဝါယမအသင်း၊ အနာဂတ်အလင်းတန်းမြန်မာရှိကြောင်းတွေ့ရပါသည်။

(၂.၂) စီးပွားရေးနှင့်ဝင်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅	၈.၃%	မြေယာမဲ့
၂	၂.၅ ဧကအောက်	၂၅	၄၂%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၁၀	၁၇%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀	၃၃%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၆၀**	**၁၀၀%**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် အိမ်ခြေ(၆၀)အိမ်ဖြစ်တည်ထောင်ထားသော် ကျေးရွာလေးဖြစ်ပါသည်။ လယ်သမားဦးရေမှာ(၅၅)ဦးပင်ရှိပြီး မြေယာမဲ့လူဦးရေမှာ (၅)ဦးရှိကြောင်းတွေ့ရပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	အစိုးရ	၁၈၀	ရာသီအလိုက်	ရှိ
၂	ရေလွှဲဆည်				
၃	မြစ်ရေတင်စီမံကိန်း				
၄	အဝီစိတွင်း				
၅	လက်ဝင် ရေတွင်း				
၆	စီမံစ်စမ်းရေ				
၇	ချောင်းရေ				
၈	အခြား				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းဆည်ရေရရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုကြသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ် ချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ			
မိုးစပါး	၂၅၀	တင်း	၅၀	၇၀	၆၅	မေလ	စက်တင်ဘာ	မြင့်	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း သီးနှံထွက်နှုန်းနှင့်ပတ်သတ်၍ မြေဆီဩဇာ လုံလောက်စွာ အသုံးမပြုနိုင်ခြင်း၊မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိခြင်း၊ ပိုးမွှားအန္တရာယ်ကျ ရောက်ခြင်း၊ ထိရောက်သောနည်းပညာများနှင့်အလှမ်းဝေးသောကြောင့် စပါးအထွက်နှုန်းနည်းပါး သည်။ထို့ပြင်ရာသီဥတုဖောက်ပြန်ခြင်းနှင့်တို့ကြောင့်လည်း စပါးအထွက်နှုန်းနည်းပါးကြောင်းတွေ့ ရပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု			စက်ကိရိယာဌာ ဝးရမ်းလုပ်ကိုင် နေသော	မှတ်ချက်/ အခြေအနေ
	တစ်	အဖွဲ့ပိုင်	ရွာပိုင်		

	ဦး ချင်း ပိုင်	အရေ အတွ က်	လယ် သမား ဦ ဝေး ရေ	အရေအ တွက်	လယ်သ မား ဦးရေ	တောင်သူ အရေအတွက်	
ထွန်စက်							
လက်တွန်းထွန်စက်	၁၀						
အစေ့ချ ကိရိယာ							
ရိတ်သိမ်းခြွေလှေ့စက်							
ရိတ်သိမ်းစက်							
ခြွေလှေ့စက်							
ရေစုပ်စက်							
ခြေနင်းရေတင်စက်							
မြက်ရိတ်စက်							
အခြား							

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလယ်သမားဦးရေ(၅၅)ဦးရှိပြီး လက်တွန်းထွန်စက်များအားပိုင်ဆိုင်သည့်လယ်သမားအိမ်ထောင်စုများလည်းရှိပါသည်။အချို့တောင်သူများမှာ ငှားရမ်းကာသုံးစွဲရသည့်အတွက် အမြတ်ကျန်ရှိမှုနည်းပါးကြောင်းတွေ့ရသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်ပေးအလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	စိုက်ပျိုးမြေအသင့်အတင့်ကောင်းမွန်ပါသည်။
ရေရင်းမြစ်	မိုးရေနှင့်မြေအောက်ရေကိုသာအဓိကထားအသုံးပြုကြသည်
သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ	နွားချေးနှင့်အမှိုက်ဆွေးများကို သဘာဝမြေဆီဩဇာအဖြစ်အသုံးပြုနိုင်သည်
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	အလွယ်တကူဝယ်ယူနိုင်သည်
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ	မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေရရှိသည်
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	နည်းပညာအုပ်ချုပ်ရေးပိုင်းဆိုင်ရာပံ့ပိုးမှုအားနည်းပါသည်
သွင်းအားစုဈေးကွက်	လက်လမ်းမှီမှုရှိပါသည်
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ထုတ်လုပ်မှုဈေးကွက်လက်လှမ်းမှီမှုအားနည်းခြင်း
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းသီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် စိုက်ပျိုးမြေလုံလောက်စွာရှိသော်လည်း မြေဆီလွှာများကို မပြုပြင်ခြင်းနှင့် မြေဆီဩဇာအသုံးမချခြင်း ပိုးသတ်ဆေးကိုထိရောက်စွာအသုံးမပြုတတ်ခြင်း၊ ရေအရင်းအမြစ်မရှိခြင်း၊စိုက်ပျိုးစရိတ်ချေးငွေ များကို အကျိုးရှိရှိအသုံးမချတတ်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းပါးသည်။ သီးနှံအထွက်နှုန်း

တိုးတက်စေရန်နှင့်မျိုးကောင်းမျိုးသန့်များကိုအသုံးပြုရန်၊ပိုးသတ်ဆေးများကိုစနစ်တကျသုံးစွဲနိုင် ရန်နှင့်သီးနှံများတွင်ကျရောက်တက်သော် ပိုးမွှားများနှင့်ရောဂါများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ခေတ်မှီနည်းပညာများကို အသုံးပြုနိုင်၍ ရေလုံလောက်စွာရရှိပြီး တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ရန်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးမှသာ သီးနှံအထွက်တိုးလာနိုင်မည်ဖြစ်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	တိုးချဲ့စိုက်ပျိုးရန်မြေလွတ်မြေရိုင်းမရှိ
မြေဆီညြေဓာ အခြေအနေ	ဓာတုပစ္စည်းများသုံးစွဲမှုများ၍ပျက်စီးမှုများရှိ
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	ငွေကြေးအရင်းအနှီး အချိန်မှန်မရရှိနိုင်ခြင်း (ပုံစံ၇မရှိလျှင်မရ)
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ရေကြီးရေလျှံခြင်းကြောင့်အချိန်မှီစိုက်ပျိုးနိုင်ခြင်းမရှိ
လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ)	မြို့ပေါ်သို့သွားရောက်လုပ်ကိုင်ကြခြင်း
ရေရှင်းမြစ်များ ရရှိနိုင်မှု	ဆည်ရေရရှိ
စိုက်ပျိုးရေမလုံလောက်မှု	
ဖျက်ပိုးနှင့် ရောဂါ	သီးနှံဖျက်ပိုးများကျရောက်ခြင်း
ဈေးကွက် လက်လှမ်းမီမှု	အနည်းငယ်အလှမ်းဝေးသည်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ကျေးရွာအရောက်လာရောက်ဟောပြောပေးခြင်းမရှိ
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေပြည်သူများသည် ပလပ်မြေများမရှိသောကြောင့် လယ်ယာမြေချဲ့ထွင်မှုတွင် အဆင်မပြေပေ၊သီးနှံတစ်မျိုးထဲကိုသာစိုက်ပျိုး၍ စိုက်ပျိုမြေများပျက်စီးခြင်း ဖျက်ပိုးနှင့်ရောဂါများကျရောက်သည့်အခါနည်းပညာအကူအညီနှင့်နည်းလမ်းများကိုအသုံးမချနိုင်ခြင်းတို့ ကြောင့်သီးနှံထွက်နှုန်းများအားနည်းနေသည်ကို တွေ့ရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၁၀	၅၀	တစ်နိုင်တစ်ပိုင်မွေးမြူခြင်း
နို့စားနွား			
မြင်း			
ကျွဲ			
မြည်း			
လား			
ဆိတ်			

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
သိုး			
ဝက်	၅	၁၅	တစ်နိုင်တစ်ပိုင်မွေးမြူခြင်း
ကြက်	၄၀	၂၀၀	တစ်နိုင်တစ်ပိုင်မွေးမြူခြင်း
ဘဲ	၂	၃	
နွားနောက်			
အခြား			
ငါးလုပ်ငန်း			
ငါးကန်			
ပုဇွန်ကန်			
ဂဏန်းမွေးမြူရေးလုပ်ငန်း			
ရေချို ငါးဖမ်းလုပ်ငန်း			
ကမ်းလွန် ငါးဖမ်းလုပ်ငန်း			
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမွေးမြူရေးလုပ်ငန်းနှင့်ပတ်သတ်၍ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ အချို့သော်အိမ်ထောင်စုများမှာ ကြက်၊ဝက်၊အနည်းငယ်ကိုသာ အိမ်တွင်းတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	တောတောင်နှင့်နီးစပ်သောကြောင့်အဆင်ပြေမှုရှိသည်။
ရေရရှိမှု	မွေးမြူရေးအတွက်ရေလုံလောက်စွာရရှိသည်
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	အလွယ်တကူဝယ်ယူနိုင်သည်
ချေးငွေ	
သွင်းအားစုဈေးကွက်	တိုက်ကြီးမြို့နှင့်အခြားမြို့များတွင်ဝယ်ယူနိုင်သည်
ဝန်ဆောင်မှုဈေးကွက်	ကျေးရွာအရောက်လာရောက်ဝယ်ယူကြသည်
ထုတ်ကုန်ရောင်းဝယ်မှု	အလွယ်တကူရောင်းချနိုင်သည်
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အိမ်ခြံဝန်းတွင်းမွေးမြူရန်မြေနေရာရှိ
အခြား	
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	
ချေးငွေ	
သွင်းအားစု လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
ထုတ်ကုန်ရောင်းဝယ်မှု	
အခြား	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမွေးမြူရေးတိုးတက်လာစေရန်အတွက်

မြစိမ်းရောင်ချေးငွေရရှိပါမွေးမြူရေးတိုးတက်စေရန်အတွက် လုံလောက်သောငွေအရင်းအနှီးနှင့်မျိုးကောင်းမျိုးသန့်များရွေးချယ်နိုင်ရေးအတွက် နည်းလမ်းကောင်းများ လက်လှမ်းမှီမည်ဆိုပါက မွေးမြူရေးကဏ္ဍတိုးတက်လာစေနိုင်ပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့်ဝပ် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်ဝပ် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	
ကူးစက်ရောဂါဖြစ်ပွားမှု	ကြက်ငှက်တုပ်ကွေးနှင့်ခွာနာလျှာနာရောဂါဖြစ်ပွားသည်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ပံ့ပိုးမှုအားနည်း
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	စီးပွားဖြစ်မွေးမြူသူမရှိပါ။
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်ဝ် ရရှိနိုင်မှု	
ချေးငွေရရှိနိုင်မှု	
အခြား	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးနှင့်ပတ်သတ်၍ နည်းပညာအကူအညီနှင့်နည်းလမ်းကောင်းများမရှိခြင်းကြောင့် ကူးစက်ရောဂါဖြစ်ပွားနိုင်ခြင်း၊မွေးမြူရေးအတွေ့အကြုံနည်းပါးသောကြောင့် တစ်နိုင်တစ်ပိုင်သာမွေးမြူကြသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

